www.burmeseclassic.com

ဂျူ

# နတ်သမီးအခေါင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက တက္ကသိုလ်တစ်ခုမှာ
နတ်သမီးအရုပ်ဆောင်ထားတတ်တဲ့
ကျောင်းသား တစ်ယောက်ရှိသည်။

ဘာကြောင့် သူက နတ်သမီးအရုပ်
ဆောင်ထားရတာလဲ
အကြောင်းတစ်ခုတော့ ရှိရမည်။

BURMESE CLASSIC .com

(က)

ကလေးတစ်ယောက်သည် သူ့အဖေပန်းပုထုနေသော ဘေးနားတွင် ထိုင်ကာ သူ့အဖေထုနေသော ပန်းပုအရုပ်ကလေးကို ကြည့်နေလေ၏။

“အဖေ”

“ဟေ ... ဘာလဲသား”

သူ့အဖေက ပန်းပုထုနေရင်းမှ ပြန်ထူးသည်။

“အဖေ အခုထုနေတာ ဘာအရုပ်လဲ”

“မိန်းကလေးအရုပ်တစ်ရုပ်လေ”

ကလေးက သူ့အဖေထုလက်စဖြစ်သော အရုပ်ကိုသေချာကိုင်ကြည့်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရုပ်ကို ထုလုပ်နေတော့ အဖေရက်တော်တော်ကြာပြီ နော်၊ ကျန်တဲ့အရုပ်တွေကို အဖေအဲ့ဒီလောက်ရက်မကြာပါဘူး"

အဖေ့က သူ့သားကို တစ်ချက်ကြည့်ပြီး ပြုံးလိုက်သည်။

"ဒါက မိန်းကလေး အရုပ်လေ ... သားရဲ့"

"ဘာကွာလို့လဲ အဖေရ"

"ဒီအရုပ်က အခြားအရုပ်တွေနဲ့ မတူဘူးသားရဲ့၊ ဒီအရုပ်မှာက မိန်းကလေးတွေရဲ့ နူးညံ့တဲ့အမူအရာ စိတ်နေသဘောထားနဲ့ အားနည်းသူဆိုတဲ့ ဟန်ပါအောင် ထုရတာသားရဲ့"

ကလေးက မျက်မှောင်လေးကြုတ်ပြီး အရုပ်ကို စိုက်ကြည့်နေ၏။ သူ့အဖေက တစ်ချက်ပြုံးလိုက်ပြီး -

"သားက မယုံလို့လားကွ"

" ဟုတ်တယ်၊ အဖေက ဒီအရုပ်ပြီးရင် သားကို ရုပ်ရှင်လိုက်ပြမယ်လို့ ပြောထားတာလေ၊ အခု သားကရုပ်ရှင်ကြည့်ချင်နေပြီ"

"တစ်ရက်နှစ်ရက်တော့ စောင့်ပါသားရယ်၊ ပြီးခါနီးပါပြီ"

ကလေးက မျက်နှာစူးပုတ်ထားဆဲပဲ ဖြစ်သည်။ သူ့အဖေက သူ့ခေါင်းကလေးကို ပုတ်လိုက်ပြီး -

"သားကို ပုံပြင်လေးတစ်ပုဒ်ပြောပြမယ်လေ"





ကလေးက ပြုံးသွားပြီး-

"အဖိုးကြီးနဲ့အဖွားကြီးပုံပြင်ပဲ မှတ်လား"

"မဟုတ်ပါဘူး ... သားရဲ့"

"ဒါဆို ဘာပုံပြင်လဲ"

"ဘုရားသခင်က လူသားယောက်ျားကို ဖန်ဆင်းတယ်၊ နောက်မှ ... လူသားမိန်းမကို ဖန်တီးတယ်ဆိုတာသားသိပြီးသားပဲ မှတ်လား"

"အင်း ... သိတယ်"

"အခု ပြောမှာက ဘုရားသခင်က လူသားမိန်းမကို ဖန်တီးနေတုန်း နတ်သမီးတစ်ပါးရောက်လာပြီး အမေးအဖြေလုပ်တဲ့ဟာလေးကို ဖေဖေပြောပြမယ် ဘယ်လိုလဲ"

ကလေးက အတန်ငယ်စဉ်းစားနေသေးသည်။ နောက်မှ ခေါင်းငြိမ့်လိုက်ပြီး-

"အင်း ... ပြောပြ"

ဟု ဆိုလိုက်လေသည်။

□



www.burmeseclassic.com

www.burmeseclassic.com



## ပုံပြင်အစ

## အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက

ဘုရားသခင်သည် လူသားမိန်းမအား ဖန်ဆင်းနေစဉ် အတွင်း ၆ ရက်မြောက်နေ့တွင် နတ်သမီးတစ်ပါးရောက်လာပြီး ဘုရားသခင်အား . . .

"ဒီတစ်ခုလေးကို ဘာကြောင့်အချိန်အများကြီး ယူပြီးဖန်ဆင်းနေရတာလဲ"

ဟု အပြစ်တင်စကားဆိုလေ၏။

ထိုအခါ ဘုရားသခင်က -

"ဖန်တီးနေတဲ့လူသားမိန်းမရဲ့ အစိတ်အပိုင်းတွေကို တွေ့လား"

ဟု မေးလိုက်လေ၏။

နတ်သမီးက ဖန်တီးလက်စလူသားမိန်းမကို သေချာကြည့်နေ၏။

ဘုရားသခင်က ဆက်ပြောပြသည်။





ဘုရားသခင်သည် သူဖန်တီးပြီးပြီဖြစ်သော လူသားမိန်းမ၏ လက်နှစ်ချောင်းအား ညွှန်ပြလိုက်ပြီး . . . .

"ဒီလက်နှစ်ချောင်းနဲ့ သူမဟာအဝတ်လျှော်နိုင်အောင် လုပ်ထားတယ်၊ အိမ်က ပစ္စည်း၂၀၀လောက်ကိုလည်း ဟိုရွှေ့ဒီရွှေ့ လုပ်နိုင်တယ်၊ အစားအသောက်မျိုးစုံကိုလည်း ချက်ပြုတ် ပြင်ဆင် ပေးနိုင်တယ်၊ ဒါ့အပြင် ကလေးငယ်တွေကို တစ်ကြိမ်တည်းမှာ ချီမပြုစုနိုင်တယ်၊ နောက်ပြီး ဒူးနာတာကနေစပြီး အသည်းကွဲတဲ့ ရောဂါအဆုံးထိ သူမက ပျောက်ကင်းအောင် စွမ်းဆောင်နိုင်တယ်"

ဟု ဖန်တီးနေရင်းမှ ရှင်းပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်၏ စကားကြောင့် နတ်သမီးမှာ လူသားမိန်းမကို အထင်ကြီးလေးစားသွား၏။

"လက်နှစ်ဖက်ထဲနဲ့အဲဒါတွေ အကုန်လုံးလုပ်လို့ရတယ် . . . မဖြစ်နိုင်တာ"

ဟု ပြောပြီး ခေါင်းခါနေပြန်၏။

ထို့နောက် ဘုရားသခင်အား တစ်ချက်ကြည့်လိုက်ပြီး . . .

"ဒါဟာ . . . လူသားမိန်းမရဲ့ ဖြစ်ပေါ်ရမယ့် ပုံစံအပြည့်အစုံပဲလား"

ဟု ထပ်မေးပြန်၏။

"ဒီနေ့တော့ သူမကို ဖန်တီးရတာတွေအရမ်းများနေပြီ . . . မနက်ဖြန်ကို တစ်ချက်ကြည့်ပါဦး၊ အဲ့ဒီအခါကျရင် ပြီးပြည့်စုံတဲ့ လူသားမိန်းမပုံစံကို တွေ့ရလိမ့်မယ်"





ဘုရားသခင်က ဆက်ပြောပြန်၏။

"ဒီနေ့မှာတော့ လူသားမိန်းမရဲ့ပုံစံဟာ ပြီးသင့်သလောက်တော့ ပြီးနေပါပြီ၊ ဖန်ဆင်းခဲ့သမျှထဲမှာ လူသားမိန်းမကို ဖန်ဆင်းရတာအကြိုက်နှစ်သက်ဆုံးပါပဲ"

" . . . . . . . . . . . . "

"နာမကျန်းဖြစ်တဲ့အခါတွေဆိုရင် သူမဟာသူမဘာသာသူမ ပြုစုစောင့်ရှောက်တတ်တယ်၊ ပြီးတော့ တစ်နေ့မှာ ၁၈ နာရီလောက် အလုပ်လုပ်နိုင်တယ်"

နတ်သမီးသည် ဘုရားသခင်စကားကို နားထောင်နေရင်းမှ လူသားမိန်းမအနီးသို့ တိုးသွား၏။ ထို့နောက် လူသားမိန်းမကို တို့ထိကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နူးညံ့လွန်းလှချည်လား"

"ဟုတ်တယ်၊ နူးညံ့တယ်၊ ဒါပေမယ့် စိတ်ဓာတ်သန်မာအောင်တော့ ဖန်တီးထားတယ်၊ အခက်အခဲတွေ၊ အတားအဆီးတွေကိုလည်း ကျော်လွှားနိုင်အောင် ဖန်တီးထားတယ်"

"သူမက တွေးတတ်လား"

ဟု နတ်သမီးက မေးလိုက်ပြန်သည်။

"တွေးတတ်ယုံတင်မကပါဘူး၊ ကျိုးကြောင်းဆီလျော်အောင် စဉ်းစားနိုင်ပြီး ညှိနှိုင်းမှုတွေလည်း လုပ်တတ်သေးတယ်"





နတ်သမီးသည် ဘုရားသခင်ဖန်တီးလက်စ လူသားမိန်းမ၏ ပါးပြင်ကို ထိလိုက်ပြန်၏။

"ဟင်၊ ဒီမှာ အရေတွေစိမ့်ကျနေပါလား၊ ဖန်ဆင်းထားတာတွေများလွန်းလို့ သူမမှာ ဝန်ထုတ်ဝန်ပိုးဖြစ်နေပြီလားမသိဘူး"

"ဒါဟာ အရည်တွေစိမ့်ကျတာမဟုတ်ပါဘူး။ အဲဒါကို မျက်ရည်လို့ခေါ်ပါတယ်"

"ဘာ အတွက်လဲ"

"သူမရဲ့ဘဝမှာ ဝမ်းနည်းမှုတွေ၊ ကြေကွဲမှုတွေ၊ အမုန်းတရားတွေ၊ ချစ်ခြင်းတွေ၊ အထီးကျန်ဆန်မှုတွေ၊ ပြီးတော့ နာကျင်မှုတွေ၊ ဂုဏ်ယူမှုတွေစတဲ့ စိတ်ခံစားမှုတွေကို ဖော်ပြဖို့အတွက်ပါ"

ထိုအခါ နတ်သမီးသည် လူသားမိန်းမအတွက် မျက်ရည်ဖန်တီးမှုကို လွန်စွာအထင်ကြီးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သင်ဟာ ကြီးကျယ်မြင့်မြတ်လှပေတယ်၊ အရာရာအားလုံးကိုလည်း စစ်စစ်ပေါက်ပေါက်တွေးတော နိုင်ပေတယ်၊ သင်အခု ဖန်တီးထားသော လူသားမိန်းမကလည်း ကမ္ဘာလောကကြီးအတွက် ထူးခြားပြီး အလိုအပ်ဆုံးဖြစ်လာပါလိမ့်မယ်"

ဟု ဆိုလိုက်လေသည်။

ဘုရားသခင်က နတ်သမီးစကားကို တစ်ချက်ပြုံးလိုက်၏။

"ဟုတ်တယ်၊ လူသားမိန်းမက ကမ္ဘာလောကကြီးအတွက် တကယ်လိုအပ်တယ်၊ သူမမှာ လူသားယောက်ျားတွေ အံ့ဩသွားလောက်စေမယ့် ခွန်အားတွေရှိတယ်၊ မိသားစုရဲ့ဒုက္ခတွေနဲ့ဝန်ထုပ်ဝန်ပိုးတွေကိုလည်း ဖြေရှင်းနိုင်သေးတယ်"





"သူမကြောင့် ပျော်ရွှင်ခြင်းတွေ၊ ချစ်ခြင်းတွေ၊ အတွေးအခေါ်တွေဖြစ်ပေါ်လာနိုင်တယ်၊ ကြောက်ရွံ့မှုတွေတွေ့ကြုံခံစားနေရတာတောင်မှ သူမက ပြုံးပြနိုင်တယ်"

"အဲဒီလောက်တောင်ပဲလား"

"ဒါ့အပြင် ငိုကြွေးရမယ့်ဒုက္ခတွေ့ကြုံလာချိန်မှာလည်း သူမကသီချင်းဆိုတယ်၊ ပျော်ရွှင်ရယ်မောတဲ့အချိန်မှာလည်း သီချင်းဆိုတယ်၊ ကြောက်ရွံ့တဲ့ အချိန်မှာလည်း သီချင်းဆိုတယ်"

"အို"

"သူ့မိသားစုအတွက် ယုံကြည်ရာကို ပြုလုပ်တယ်၊ သူမဟာ သူ့မိသားစုအတွက် အခရာလို့ခံယူထားတတ်ပြီး၊ မိသားစု အောင်မြင်ခြင်းဟာလည်း သူ့အပေါ်မှာ တည်မှီနေတယ်လို့ ယူဆထားတတ်တဲ့လူသားတစ်မျိုးပါ၊ သူမရဲ့ နှလုံးသားဟာ ပုံသဏ္ဌာန်အမှန် မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူမရဲ့ သားသမီးတွေ အောင်မြင်တာကိုကြည့်ပြီး ပိုကြွေးရင်လည်း ပိုကြွေးနေတတ်သေးတယ်၊ နောက်ပြီး သားသမီးရတဲ့အကြောင်းတို့၊ လက်ထပ်တဲ့အကြောင်းတို့ ကြားရရင်လည်း တစ်စုံတစ်ဦးအတွက် ဂုဏ်ယူနေတတ်သေးတယ်"

နတ်သမီးမှာ ဘုရားသခင်စကားကို နားထောင်နေရင်း သဘောကျနေပုံရ၏။ ဘုရားသခင်က လူသားမိန်းမ၏နောက်အကြောင်းအရာတစ်ခုကို ဆက်ရှင်းပြနေပြန်၏။

"သူမရဲ့နှလုံးသားဟာ ဆွေမျိုးမိသားစုထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်ဆုံးတယ်လို့ သတင်းကြားရရင်ပဲ ကွဲကြေတတ်ပါတယ်၊ ဒါပေမယ့် . . . သူမဟာ ထိုကြေကွဲမှုတွေကို ဘ၀ရဲ့ခွန်အားတွေ အဖြစ်ပြောင်းလဲအသုံးပြုတတ်သေးတယ်"

" . . . . . . . . "

"အနမ်းရယ်၊ ယုယတဲ့ ထွေးပွေ့မှုဟာ အသည်းကွဲခြင်းကို သက်သာစေနိုင်တယ်ဆိုတာကိုလည်း သူမက သိသေးတယ်"





"ဒါပေမယ့် သူမမှာ ချို့ယွင်းချက်တစ်ခုတော့ရှိတယ်"

**"ဘယ်လို"**

နတ်သမီးမှာ မကြားလိုက်၍ပြန်မေး၏။

"ချို့ယွင်းချက်တစ်ခုတော့ရှိတယ်လို့ ပြောတာပါ"

"ဘာချို့ယွင်းချက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူမဟာ သူမရဲ့အဲ့ဒီလို တန်ဖိုးရှိမှုတွေကို မေ့နေတတ်တယ်"

"ဟင်"

"နောက်ပြီး သူမဟာ ကမ္ဘာလောကအတွက် အဖိုးတန် လူသားတစ်ယောက်ပါလား ဆိုတာကို သူ့ကိုယ်သူ အမြဲတမ်းလည်း မေ့နေတတ်တယ်"

ဟု ပြောပြီး သူ၏ဖန်ဆင်းခြင်းကို အဆုံးသတ်လိုက်လေ၏။

ပုံပြင်အဆုံး





www.burmeseclassic.com

www.burmeseclassic.com



(ခ)

ပန်းပုဆရာ၏ပုံပြင်ပြီးသောအခါတွင် ကလေးက ခေါင်းတဆတ်ဆတ်ငြိမ့်ကာ . . .

"ဪ . . . အဖေက ဒီအရုပ်ကို ထုနေတာ ဒါ့ကြောင့်ကြာတာကိုး"

ဟု လူကြီးပုံစံလေးလုပ်ကာ ပြော၏။

ပန်းပုဆရာကြီးလည်း သူ့သားပုံစံကိုကြည့်ပြီး လွန်စွာသဘောကျနေလေ၏။ ထို့နောက် . . .

"သား"

"ဟင်၊ အဖေ"

"အဖေထုနေတဲ့ ဒီအရုပ်ကိုမလိုချင်ဘူးလား"

"ဟင့်အင်း အဲ့ဒီအရုပ်တော့ မလိုချင်ပါဘူး"





" ဟား . . . ဟား ဒါဆို သားက ဘာအရုပ်လိုချင်လဲ"

"ပုံပြင်ထဲက နတ်သမီးအရုပ်လိုချင်တယ်"

"အကြီးကြီးလား"

"မဟုတ်ဘူး၊ အိတ်ကတ်ထဲထည့်လို့ရတဲ့ အရွယ်သေးသေးလေးပဲ"

ပန်းပုဆရာကြီးက သူ့သားကို သဘောကျသလို တစ်ချက်ကြည့်လိုက်ပြီး . . .

"အေးပါ၊ အဖေလုပ်ပေးပါမယ့်"

"တကယ်လား အဖေ"

"အေးပါ တကယ်ပြောတာပေါ့"

ပန်းပုဆရာကြီးသားမှာ လွန်စွာပျော်သွားပြီး သူ့အဖေပြောပြသော ပုံပြင်အားလည်း ပြန်လည်စဉ်းစားနေလေ၏။

သူ့သားနာမည်ကို ပန်းပုဆရာကြီးက 'အလင်း' ဟုနာမည်ပေးထား၏။

ဤသို့ဖြင့် နောက်တစ်နေ့တွင် ပန်းပုဆရာကြီးသည် သူ့သားလိုချင်သော နတ်သမီးရုပ်ကလေးကို ထုလုပ်ပေးလိုက်လေ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း တော်တော်ကြာသောအခါတွင်
တက္ကသိုလ်လေးတစ်ခု၌
နတ်သမီးအဆောင်လို့ နာမည်ပြောင်
ခေါ်လေ့ရှိသည့်
ကျောင်းသားလေးတစ်ယောက်
ပေါ်ထွန်းလာခဲ့သည်။

သူသည် မိန်းကလေးများအပေါ် စာနာ
တတ်သူတစ်ဦးဖြစ်ပြီး
မိန်းကလေးများကလည်း သူ့ကိုဆိုလျှင်
လွန်စွာခင်မင်တတ်ပြီး
စကားပြောအဆင်ပြေနေတတ်ကြသည်။

ထို့ပြင်
သူက မိန်းကလေးတွေ၏ အစွမ်းကိုလည်း
တန်ဖိုးထားတတ်သေးသည်။





(၁)

မိန်းကလေးသုံးယောက်သည် ကင်တင်းအတွင်းသို့ ရုတ်တရက်ဝင်လာကြပြီး လူတစ်ယောက်အား အမောတကောလိုက်ရှာနေသည်ကို ကင်တင်းအတွင်းရှိ လူများက တွေ့ရလေ၏။

မိန်းကလေးတစ်ယောက်က နီးစပ်ရာ ကျောင်းသားတစ်ယောက်အား . . .

"ဟဲ့ . . . ကိုနတ်ကိုတွေ့လား"

"ဟင် . . . မသိဘူး ကိုနတ်မလာဘူးထင်တယ်"

"ဟာ . . . သူ့သူငယ်ချင်းတွေက ဒီလာတယ်ပြောလို့"

ထိုစဉ်ကျောင်းသားတစ်ယောက်က ကြားဖြတ်ပြီး . . .

"ဘာ . . . ဘာဖြစ်လို့လဲ"

ဟု ဝင်မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့မိန်းကလေးသူငယ်ချင်းနှစ်ယောက်က သူ့အစားဝင် ဖြေပေးသည်။

"ကျွန်မတို့ သူငယ်ချင်းတစ်ယောက်အသည်းကွဲနေလို့ သူ့ကိုလာရှာတာ"

"ဟာ"

အခြားတစ်ယောက်ကလည်း . . .

"ဒီအချိန်သူစာကြည့်တိုက်မှာ ရှိလိမ့်မယ်ထင်တယ်"

"သေချာလို့လား"

"သေချာသလောက်ရှိတယ်"

ပြောပြသောသူကို မနှုတ်ဆက်အားပဲ ကင်တင်းထဲမှ ပြေးထွက်သွားကြလေသည်။ ဒီကျောင်းက ဟုတ်ပုံမရသော လူတစ်ယောက်က . . .

"အဲဒီကိုနတ်ဆိုတဲ့ လူက ဒုက္ခရောက်တော့မယ်ထင်တယ်၊ သူတို့သူငယ်ချင်းအသည်းကို ခွဲသွားတယ်ဆိုတော့ ရန်ရှာခံရတော့မှာပဲ"

ဟု ဆိုပြီး ဘာမသိညာမသိနှင့် ဝင်ပြောလေ၏။





"ဟာ . . . အဲ့ဒီလိုမဟုတ်ပါဘူးဗျာ၊ ကိုနတ်က ဒီလိုလူစားမျိုးမဟုတ်ပါဘူး၊ သူ့နာမည်အရင်းက 'အလင်း' တဲ့၊ ဒါပေမယ့် သူ့မှာနတ်သမီးအရုပ်လေးရှိတယ်၊ ဒါ့ကြောင့် ကိုနတ်လို့ခေါ်တာ၊ အခု သူတို့ရှာတာကလည်း သူတို့သူငယ်ချင်းကောင်မလေးအသည်းကွဲလို့ နှစ်သိမ့်ခိုင်းဖို့ ဒါမှမဟုတ် အကူအညီပေးခိုင်းဖို့ဖြစ်မှာပေါ့"

"သူက အဲ့ဒီလိုလိုက်လုပ်လို့လား"

"လုပ်တာမဟုတ်ဘူးဗျို့ . . . သူက ပရော်ဖက်ရှင်နယ်ကိုကျွမ်းတာ ခင်ဗျား ရည်းစား၊ သူငယ်ချင်းမိန်းကလေးတစ်ယောက်ယောက်များစိတ်ဓာတ်ကျနေရင် သူနဲ့သာတွေ့လိုက်"

"အဆင်ပြေရောလား"

"သေချာတယ်၊ အဆင်ပြေပြီးရင်းပြေသွားမှာ"

မေးသောသူမှာ သဘောကျပြီး ခေါင်းတဆတ်ဆတ်ငြိမ့်နေလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## (ဃ)

"နာမည်က ဘယ်သူလဲ"

"မြရည်တဲ့"

"ဪ . . . ဘယ်မေဂျာကလဲ"

"Botany က"

". . . . . . . . . . . . ."

". . . . . . . . . . . . ."

ယောကျ်ားလေးတစ်ယောက်၏အမေးကို မိန်းကလေးသုံးယောက်က ဖြေနေခြင်းဖြစ်သည်။ နေရာမှာ စာကြည့်တိုက်အတွင်း တစ်နေရာဖြစ်သည်။

". . . . . . . . . . . ."

". . . . . . . . . ."





"သူက ဘယ်ကိစ္စတွေမှာ ထူးချွန်လဲ"

". . . . . . . . . ."

". . . . . . . . . ."

"သူကောင်လေးနဲ့ သူက ဘယ်လိုလုပ်ပြတ်သွားတာလဲ"

". . . . . . . . . . ."

". . . . . . . . . . ."

စသည့်မေးခွန်းများမေးလိုက်၊ ဖြေလိုက်နှင့် ဖြစ်နေကြသည်။

"ကိုနတ်"

"ဟေ . . . ဘာလဲ"

ကိုနတ်ဆိုသောသူက စာအုပ်ထဲတွင် ရေးမှတ်နေရင်းမှ ပြန်ထူးသည်။

"သမီးတို့ သူငယ်ချင်းက အခုချိန်လောက်ဆိုရင် ကမ်းနဘေးမှာ လွမ်းဆွေးလို့ထိုင်နေလောက်ပြီ"

ဟု ကာရန်လေးနှင့် ပြောလိုက်သောကြောင့် ကိုနတ်မှာ မျက်လုံးပြူးသွားပြီး . . .

"အံ့မယ် . . . တယ်ဟုတ်ပါလား၊ ဒါဆို လွမ်းဆွေးနေပေမယ့် ဝမ်းမအေးမနိုင်သေးဘူး၊ ဒီတော့ . . . ကင်တင်းသွားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုပြီး ထွက်သွားလေ၏။

မိန်းကလေးသုံးယောက်ကလည်း သူ့နောက်က ကပ်လိုက်လာလေ၏။

❑





(၄)

ကောင်မလေးတစ်ယောက်သည် ထိုင်နေရာမှ ထလိုက်သည်။ သူ့ပုံစံသည် စိတ်ညစ်နေသည့် ပုံစံဖြစ်နေသည်။ ခေါင်းအနည်းငယ် ငိုက်စိုက် ငိုက်စိုက်ဖြစ်နေသည်။

လမ်းအနည်းငယ်လျှောက်လာရင်းမှ လေကိုဝအောင်ရှူလိုက်၏။ ထိုအချိန်မှာပဲ အဖွားကြီးတစ်ယောက်ရဲ့ လှမ်းခေါ်သံကို ကြားလိုက်ရသည်။

"သမီး"

"ရှင်"

အဖွားကြီးက အနည်းငယ် အသက်ကြီးနေပြီဖြစ်သည်။

"အဖွားကို ဟိုဘက်ကားလမ်းလိုက်ပို့ပေးပါလား"

တစ်ဖက်ကားလမ်းကို ညွှန်ပြရင်းမှ အကူအညီတောင်းနေသည်။ ကားတွေက အရှုတ်ကြီးမဟုတ်သော်လည်း တစ်စီးစ နှစ်စီးစကတော့ အမြဲလိုလိုဖြတ်သွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်အဘွား . . . သမီးလိုက်ပို့ပေးပါ့မယ်"

ဟုဆိုလိုက်ပြီး ကောင်မလေးက အဖွားကြီးလက်ကို ဆွဲလိုက်သည်။ ကားကို ရှင်းမရှင်း တစ်ချက်ကြည့်လိုက်ပြီး လမ်းဖြတ်ကူးလိုက်သည်။ တဖက်ကားလမ်းကို ရောက်သွားသောအခါတွင်

"ကျေးဇူးပဲ . . . သမီး၊ အဖွားမကူးရဲလို့ ရပ်စောင့်နေတာကြာပြီ"

"အခြားအကူအညီပေးမဲ့ လူတွေနဲ့မတွေ့လို့လားအဖွား"

"ကားရပ်ကူးမလို့ စောင့်နေတုန်း အခြားလူတွေနဲ့တွေ့ပါတယ်၊ ဒါပေမယ့် သူတို့ပုံစံတွေက စိတ်ကောင်းရှိမယ့်ပုံမပေါ်ဘူး၊ ဒါ့ကြောင့် အကူအညီမတောင်းရဲတာနဲ့ရပ်နေတာ၊ အခုသမီးက ချောလည်းချောတယ်၊ မျက်နှာလေးကလည်း စိတ်သဘောကောင်းတဲ့ ပုံစံဆိုတာသိတဲ့အတွက် အကူအညီတောင်းမိတာပါ . . . ကျေးဇူးပဲ သမီး"

ဟု ဆိုပြီး နှုတ်ဆက်ထွက်သွားလေသည်။ ကောင်မလေးကလည်း ငူငူကြီးနဲ့ ရပ်နေမိသည်။

နောက်မှသတိရမိပြီး တစ်ဖက်ကားလမ်းသို့ ပြန်ကူးကာ ကိုယ့်လမ်းကိုယ်ဆက်လျှောက်လာခဲ့သည်။

❑





(၈)

ထိုသို့လျှောက်လာရင်း လမ်း၌ အဖြစ်အပျက်တစ်ခုနဲ့ တွေ့ရပြန်သည်။ မိန်းကလေးနှစ်ယောက်ရန်ဖြစ်နေခြင်းဖြစ်သည်။ သူ့ထက်တော့ ငယ်ပုံရသည်။

အော်ကြီးဟစ်ကျယ်စကားများရန်ဖြစ်နေခြင်းမဟုတ်ပါ။ ပြဿနာတစ်ခုကို အငြင်းအခုန်ဖြစ်နေသည်ဆိုတာကတော့ သိသာသည်။ ဖတ်တယ် ရပ်ပြီးငြင်းခုံလိုက် . . . ပြီးတော့ လမ်းဆက်လျှောက်လိုက်လုပ်နေကြသည်။ သူနဲ့မဆိုင်သောကြောင့် ကောင်မလေးသည် သူတို့ နှစ်ယောက်ကို ဖြတ်ကျော်ရန် ဆက်လျှောက်လိုက်သည်။

"နင်က သမိုင်းသာ ယူထားတယ် သမိုင်းအကြောင်း သိပ်မသိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... နင်ကရောသမိုင်းပဲလေ၊ ဘယ်လောက်သိပ်သိနေလို့လဲ"

ကျော်တက်လိုက်ရင်းမှ စကားသံအချို့နားထဲ ပျံ့ဝဲဝင်လာသည်။ မိန်းကလေးနှစ်ယောက်ကလည်း သူ့အနောက်မှ ငြင်းခုန်ရင်းနဲ့ ကပ်လိုက်လာ၏။

"ငါက ငယ်စဉ်ကတည်းက သမိုင်းဘာသာရပ်ကို စိတ်ဝင်စားတာဟဲ့၊ နင့်လို အခြားဘာသာတွေ အမှတ်မမှီလို့ တတ်တာမဟုတ်ဘူး"

ကျန်တဲ့မိန်းကလေးတော့ တင်းသွားမှာပဲဟု စိတ်ထဲတွေးမိလိုက်သည်။

ကိုယ်ကလည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ ကိုယ့်အကြောင်းကိုပဲ ဆက်စဉ်းစားနေမိသည်။ သို့သော် နောက်ဖက်ကစကားသံတွေကိုတော့ နားမထောင်ပေမယ့်လည်း ကြားနေရပြန်သည်။

"ဩော် ... ဒါဆိုနင်က သမိုင်းဘာသာရပ်ကို စိတ်ဝင်စားလို့ တတ်တာပေါ့"

"ဒါပေါ့"

"အဲ့ဒါဆို သမိုင်းနဲ့ပတ်သက်တာ မေးရင် နင်အကုန်သိတာပေါ့"





"သိတယ်"

တစ်ယောက်နဲ့တစ်ယောက်သည် ဘယ်ကတည်းက အစာမကျေဖြစ်လာသည်မသိ၊ ရောက်တတ်ရာရာတွေကို သူနိုင်ကိုယ်နိုင်ပြောနေကြတော့သည်။

"ဒါဆို ငါမေးမယ်"

"မေးပါ၊ မေးပါ"

"အလောင်းမင်းတရားကြီးရဲ့ ရုပ်ရည်က ဘယ်လိုမျိုးလဲ"

"အာ"

မေးခွန်းကို သဘောကျသွားပြီး ရှေ့ကလျှောက်နေသောကောင်မလေးမှာ မသိမသာ ပြုံးလိုက်သည်။ တစ်ဖက်ဖြေရမည့်မိန်းကလေးမှာလည်း အကျပ်တွေ့သွားပုံရ၏။

"အဲ့ဒါတော့ နင်သပ်သပ်ညစ်တာပဲ"

"ဟင် ... ငါဘာညစ်လို့လဲ၊ အလောင်းမင်းတရားက ငါတို့သမိုင်းထဲက ဘုရင်လေ၊ သူ့ရုပ်ရည်ဘယ်လိုရှိလဲဆိုတာ နင်မသိဘူးလား"

"အာ ... ငါဘယ်သိပါ့မလဲ၊ သူ့ကို မတွေ့မှ မတွေ့ဖူးတာ"

နောက်က မိန်းကလေးနှစ်ယောက်မှာ တစ်ချိန်လုံးငြင်းခုန်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို သူရပ်လိုက်သည်။ အနောက်က လိုက်လာသော မိန်းကလေးနှစ်ယောက်မှာလည်း အရှေ့ကကောင်မလေးကရုတ်တရက်ရပ်လိုက်သောကြောင့် သူတို့လည်းလန့်ပြီး အလိုလိုရပ်သွားသည်။

ပြုံးကြောင်ပြီးလည်းကြည့်နေကြ၏။

"ဘာ . . . ဘာဖြစ်လို့လဲ"

မိန်းကလေးနှစ်ယောက်က သူ့ကိုစိမ်းစိမ်းကြီးကြည့်ပြီး မေးသည်။

"အလောင်းမင်းတရားကြီးရဲ့ ရုပ်ရည်ဆိုတာကို ကြားလိုက်ရလို့"

"ဟင် . . . သူ့ကို သိလို့လား"

"အယ် . . . ဟုတ်သေးဘူးလေ"

"ဩော် . . . သူ့ရုပ်ရည်ပုံစံကို သိလို့လားလို့ မေးတာပါ"

ကောင်မလေးက ခေါင်းငြိမ့်ပြသည်။

"အဲ့ဒါဆို ပြောပြပါလား၊ သူနဲ့ သမီးနဲ့က အငြင်းအခုန်ဖြစ်နေလို့"

ထို့နောက် ကောင်မလေးက တစ်ခုချင်းစီပြောပြ၏။

"အလောင်းမင်းတရားကြီး (၁၇၅၂-၁၇၆၀) ကို ကပ္ပတိန်





ဘေကာဆိုတဲ့သူက ဝင်ရောက်ဖူးမျှော်ခွင့်ရရှိခဲ့တယ်။ သူ့ရဲ့ရေးသားချက်အရဆိုရင် အလောင်းမင်းတရားကြီးဟာ အရပ် ၅ပေ ၁၁လက်မခန့်မြင့်တယ်၊ ကျန်းမာတဲ့ ရုပ်ရည်လက္ခဏာရှိတယ်၊ သန်မာတယ်၊ တင့်တယ်ညီညွတ်တဲ့လုံးရပ်ရှိတယ်၊ အသားညိုတယ်၊ မျက်နှာ သွယ်တယ်၊ မျက်နှာမှာလည်း ကျောက်ပေါက်မာအနည်းငယ်ရှိတယ်၊ မျက်နှာထားတည်ကြည်ပြီးတော့ မာတင်းတယ်၊ ရာဇက္ကာခြေနဲ့ပြည့်စုံတယ်လို့ ဖော်ပြထားတယ်"

ထိုကောင်မလေးက ပြောပြပြီးချင်း 'သွားတော့မယ်' ဟုဆိုပြီး နှုတ်ဆက်ထွက်သွားလေသည်။

မိန်းကလေးနှစ်ယောက်မှာလည်း ပါးစပ်ကလေးအဟောင်းသားနှင့် ကျန်နေခဲ့ကြလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ထိုမိန်းကလေးနှစ်ယောက်နှင့်လမ်းခွဲပြီးနောက် ကောင်မလေးသည် စိတ်ရှုပ်ရှုပ်နှင့်ပင် အတန်းထဲပြန်ရန် ဆုံးဖြတ်လိုက်သည်။

သူမသူငယ်ချင်းသုံးယောက်လည်း သူမပျောက်နေ၍ စိတ်ပူနေလောက်ပြီဟု တွေးမိလိုက်သောကြောင့် ဖြစ်သည်။

အဆောင်တစ်ခုရှေ့သို့ အဖြတ်တွင် မိန်းကလေးတစ်ဖွဲ့နှင့် တည့်တည့်တိုးပြန်သည်။ ထိုမိန်းကလေးအဖွဲ့က သူမကိုသေချာကြည့်ပြီး ကျော်တတ်သွားလေ၏။ ထိုမိန်းကလေးများ ဖြတ်ကျော်သွားပြီးခါမှ အသံတစ်ချို့က သူ့နားထဲသို့ တိုးတိုးလေး ပြန်ကြားရသည်။

"ခုနက အမကြီးရဲ့ မျက်လုံးတွေက လှတယ်နော်"





"အေး"

"ငါတို့လို မိန်းကလေးတွေတောင်မှ ခဏတာ လည်ပြန်ကြည့်ရတယ်"

ထိုစကားများကိုကြားလိုက်ရသောအခါ ကောင်မလေးမှာ ...နည်းငယ်ပြုံးလိုက်ပါ၏။ စိတ်ထဲလည်း ကျေနပ်သွားသလို၊ ...တလိုလိုဖြင့် တစ်မျိုးလေးဖြစ်သွားသည်။

သို့သော် ကြာကြာမဖြစ်အားပဲ ရှေ့တွင်ရောက်နေပြီဖြစ်...သော အတန်းထဲသို့ လှမ်းဝင်လိုက်သည်။ အတန်းထဲတွင် ထိုင်နေ...ကြသော သူငယ်ချင်းသုံးယောက်ကိုလည်း တွေ့တွေ့ချင်းပင် . . .

"ဒီနေ့ . . . ငါဘယ်လိုအဖြစ်အပျက်တွေတွေ့လာမှန်းကို ...သိပါဘူးဟယ်"

BURMESE CLASSIC .com

ဟု စကား စကာ ဖြစ်ပျက်သမျှကို ပြန်ပြောမိလေသည်။

သူမ သူငယ်ချင်းသုံးယောက်ကလည်း သူ့ကို ပြုံးပြီးပြန်ကြည့်နေကြ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



သံဝေဂတွေ
ညှပ်ပေးပါ
အမှားတွေ ခဏခဏ
ရှည်ထွက်နေလို့

မြေမှုန်လွင်
(အဆင့်မြင့်ဆံသဆိုင်)





(c)

ထိုသို့ ကောင်မလေးက ဖြစ်ပျက်နေချိန်တွင် ကောင်လေး စ်ယောက်သည်လည်း ကျောင်း၏မိန်းလမ်းမကြီးအတိုင်း ျှောက်လာနေ၏။

ကောင်လေးတစ်ယောက်တည်း ဖြစ်ပြီး လွယ်အိတ်ကို ယ်ကာ ဟိုကြည့်ဒီကြည့်နှင့် လျှောက်လာနေခြင်းဖြစ်သည်။

ထိုစဉ် ယောကျ်ားနှစ်ယောက်သူ့ရှေ့တွင် ရုတ်တရက်ရပ် ကြပြီး . . .

"အကို"

ဟု လှမ်းခေါ်လေ၏။

"ဟေ . . . ဘာလဲ"

ကောင်လေးလည်း ထိုယောကျ်ားလေးနှစ်ယောက်ကို အခု တွေ့သွားပြီးပြန်ထူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ကျွန်တော်တို့က ဒီကျောင်းက မဟုတ်ပါဘူး။ တစ်ခုလောက်မေးချင်လို့ပါ၊ သချာ်ဆောင်ရဲ့အခန်းနံပါတ် (---/---)က ဘယ်လိုသွားရသလဲလို့ပါ"

ဟု ပြောပြီး စာရွက်ကလေးတစ်ရွက်ပြ၏။ ကောင်လေး၏မျက်နှာမှာ စိတ်ရှုပ်သည့်ပုံစံဖြစ်သွားပြီး ခေါင်းခါလိုက်၏။

"ငါမသိဘူးကွ"

ဟု ပြတ်တောင်းပြတ်တောင်းပြောပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်လာခဲ့သည်။ ထုံးစံအတိုင်း ဟိုကြည့်ဒီကြည့်နဲ့ လေကလေးချွန်လို့ပေါ့ . . .။

အဲဒီအချိန်မှာပဲ လှပသော မိန်းကလေးတစ်ယောက်သည် သူ့ရှေ့တည့်တည့်မှလာနေသည်ကို တွေ့လိုက်ရ၏။ သိပ်လှပါလား ဟု ကောင်လေးစိတ်ထဲ တွေးမိလိုက်သည်။

မိန်းကလေး၏ပုံစံသည် အူကြောင်ကြောင်ပုံစံဖြစ်နေ၏။ စာရွက်တစ်ရွက်ကို ထုတ်ကြည့်လိုက်ပြန်ထည့်လိုက်နှင့်လုပ်နေသည်။ သူအနားရောက်သွားသောအခါတွင် မိန်းကလေးကသူ့ကို တွေ့သွားပြီး . . .

"ဒီမှာ"

"ဗျာ"

နဂိုကတည်းကတွေ့ထားသောကြောင့် မိန်းကလေးခေါ်ခေါ်ချင်းပင်ပြန်ထူးမိသည်။





"ကျွန်မ သချာ်ဆောင် အခန်းနံပါတ် (---/---) ကို မသိလို့ ဒီနေ့ဖောင်တင်ရမယ့် နောက်ဆုံးနေ့မို့လို့ပါ"

ခုနကကောင်တွေမေးတဲ့ အခန်းနဲ့အတူတူပဲ ဟု သိလိုက်သည်။

"စာရွက်ခဏပြပါဦး"

မိန်းကလေးက စာရွက်လေးလှမ်းပေးသည်။ သူက အခန်းနံပါတ်များရေးထားသော စာရွက်ကို ဟန်ပါပါနှင့်ရှိုးလိုက်ပြီး . . .

"ကျွန်တော်သိတယ်ဗျ"

"ဟင် . . . တကယ်လား၊ ဘယ်နားလောက်မှာလဲဟင်၊ လမ်းညွှန်ပြပါလား"

"ဒီကနေ လမ်းညွှန်ဖို့ ဆိုတာဝေးတယ်ဗျ၊ ရှုပ်လည်းရှုပ်တယ်၊ ကျွန်တော်လည်း အဲ့ဒီဘက်သွားမှာပဲလေ၊ လိုက်ပြမယ်"

ဟု ဆိုပြီး သူကဦးဆောင်ပြီး ရှေ့ကထွက်လေသည်။

မိန်းကလေးကတော့-

"ကျေးဇူးပါပဲ"

ဆိုပြီး ကောင်လေးဘေးနားက ကပ်လိုက်ပါလာလေ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



## (၅)

မိန်းကလေးက အအေးတွေဘာတွေ လိုက်တိုက်နေ၍ အချိန် တော်တော်ကြာသွားလေသည်။ မိန်းကလေးနှင့် ရင်းနှီးသွားပြီး အကြောင်းအရာတော်တော်များများကို တောင်သိခွင့်ရလိုက်သေး၏။

သူလည်း ပြုံးပြုံးပြုံးပြုံးနှင့်ပင် လမ်းခွဲထွက်လာခဲ့သည်။ ရှေ့တွင် မိန်းကလေးနှစ်ယောက်ကို ထပ်တွေ့ရပြန်သည်။

ဒီတစ်ခါ မိန်းကလေးနှစ်ယောက်ကတော့ သူတို့ကျောင်းထဲကပဲ ဖြစ်ဖို့များသည်။ ထူးခြားတာက ထိုကောင်မလေးနှစ်





ယောက်သည် သူ့ကိုမြင်လိုက်သောအခါတွင် ဝမ်းသာအားရပုံစံဖြစ်သွားသွားခြင်း ဖြစ်သည်။

"ဟယ် . . . ဟို ရှေးဟောင်းသုတေသနမေဂျာက အစ်ကိုကြီးမှတ်လား"

ဟု ဆိုပြီးသူ့ဆီလျှောက်လာလေသည်။

သူလည်း အူကြောင်ကြောင်ဖြစ်ပြီး ဘာလဲဟဟု တွေးနေမိသည်။

ထိုမိန်းကလေးနှစ်ယောက်ကို သူမြင်လည်းမမြင်ဘူးချေ။ သို့သော ချောချောလှလှလေးတွေ ဖြစ်သောကြောင့် ငြိမ်နေလိုက်သည်။

"ဟုတ်ပါတယ်၊ အစ်ကိုက ရှေးဟောင်းသုတေသနမေဂျာကပါ၊ အစ်ကို့ကိုသိလို့လား"

"သိတာပေါ့ အစ်ကိုရဲ့၊ဒါနဲ့ညီမတို့ကို တစ်ခုကူညီပါဦး အစ်ကို"

"အေး . . . ပြောလေ"

"သူက ညီမကိုပြောတယ်"

မိန်းကလေးက သူ့ဘေးက တစ်ယောက်ကို လက်ညှိုးထိုးပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ပုဂံမှာ အင်္ဂလိပ်နာမည်နဲ့ဘုရားတစ်ဆူရှိတယ်တဲ့၊ ညီမကမရှိပါဘူးလို့ ပြန်ငြင်းတယ်"

"အဲဒီတော့"

"အဲဒီတော့ သူကရှိတယ်တဲ့၊ ဒီတော့ ညီမကရှိရင် ဘာဘုရားလဲ၊ ဘာနာမည်လဲလို့ မေးတော့သူတရှိတယ်ပဲ ကြားဖူးတာမသိဘူးတဲ့၊ အဲ့ဒီအချိန်မှာပဲ အစ်ကို့ကိုတွေ့လိုက်ရတော့ အစ်ကိုသိမှာပဲထင်လို့ပါ။ အစ်ကိုရောသိလားဟင် ပုဂံမှာ အင်္ဂလိပ်နာမည်နဲ့ဘုရားလေ"

ကောင်လေးမှာ မျက်မှောင်ကျုံ့လိုက်၏။

တကယ်တော့ ထိုမိန်းကလေးမေးသော မေးခွန်းကိုသူလည်း မသိပါ။ သို့သော် မသိဟု ပြောလျှင်သိက္ခာကျမည်ဟုလည်း တွေးလိုက်မိ၏။ ပုဂံဆိုတာမြန်မာတွေတည်ခဲ့တာပဲ၊ ဘယ်လိုနည်းနဲ့မှ အင်္ဂလိပ်နာမည်မရှိနိုင်ဘူးဟုလည်း တွေးမိပြန်၏။

ထို့ကြောင့် . . .

"ပုဂံမှာ ဘယ်လိုလုပ်ပြီး အင်္ဂလိပ်နာမည်နဲ့ ဘုရားရှိရမှာလဲ၊ ပုဂံဆိုတာ . . . မြန်မာတွေရဲ့သမိုင်းမှာ . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . ."





ဟုဆိုပြီး ဆက်တိုက်ဆက်တိုက်ပြောနေလေတော့၏။

မိန်းကလေးနှစ်ယောက်ကလည်း သူ့စကားကို နားထောင်ပြီး 'တွေ့လား၊ ငါမှန်တယ်၊ နင်မှားတယ်' ဟု ဆက်လက် ငြင်းခုန်နေကြတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(ည)

"အကိုကြီးက သိပ်တော်တာပဲနော်"

ထိုစကားကြောင့် ကောင်လေးပျော်သွားသည်။

"အဲ့ဒီလောက်ကြီးလည်းမဟုတ်သေးပါဘူး၊ ဒီကိစ္စကြီးက မဖြစ်နိုင်တဲ့ကိစ္စကြီးပဲလေ . . . တွေးကြည့်တာနဲ့သိပါတယ်"

"ကျေးဇူးပဲ အကိုကြီး၊ ညီမတို့ကို ခွင့်ပြုပါဦး"

မိန်းကလေးနှစ်ယောက်က သွားရန်အတွက် နှုတ်ဆက်လိုက်သည်။

"နေပါဦး၊ ညီမလေးတို့က ဘယ်မေဂျာကလဲ"

ဟု ဆိုပြီး ကောင်လေးက စကားဆက်ပြန်၏။

❑





(ဋ)

မိန်ကလေးနှစ်ယောက်နှင့် လေပေးဖြောင့်ပြီး အတော်မောသွားသောကြောင့် ကင်တင်းဘက်သွားရန်အတွက် အရှေ့က အဆောင်ထဲသို့ ချိုးဝင်လိုက်သည်။

ဒီနေ့ပျော်သလိုလိုရှိနေသည်။ မိန်းကလေး ချောချောလှလှများနှင့်တွေ့ရတာကြောင့်လည်း ဖြစ်နိုင်သည်။ ထိုစဉ် သူ့နောက်ကျောဘက်ဆီမှ လူတစ်ယောက်ကျော်တက်သွားသည်။ လက်ထဲတွင်လည်း ဗီဒီယိုကင်မရာ အသေးလေးတစ်ခုကိုင်ထားသေး၏။

"ဒီလူ ဗီဒီယိုကင်မရာကြီးကိုင်ပြီး ကျောင်းထဲမှာ ဘာလုပ်နေတာလဲဟ"

ဟု တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်သူနဲ့တော်တော်လှမ်းလှမ်းရောက်သွားသောကြောင့် ဆက်မတွေးတော့ပဲ ဗိုက်ဆာဆာနှင့်ကင်တင်းသို့သာ ဦးတည်လျှောက်နေလိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ရေထဲခေါင်းနှစ်ရင်တောင်
ရေမစိုတဲ့ခေါင်း
သူ့တို့လည်းလျှော်ပေးပါ
နောက်ပြီး
ငါ့ခေါင်းတို မတိုင်ခင်
လတ်အရင်ဆေး
လောကစံတွေ ကပ်မပါစေနဲ့

ခြေမှုန်လွင်
(အဆင့်မြင့်ဆံသဆိုင်)





ဤသို့ဖြင့် ကောင်မလေးတစ်ယောက်အိမ်သို့
စီဒီ ခွေလေးတစ်ခွေ ထူးဆန်းစွာရောက်လာခဲ့သည်။

ကောင်မလေးကလည်း တအံ့တသြနှင့်
အခွေကို ဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၄)

ရှေ့ဦးစွာ ကမ်းနားတွင် ထိုင်နေသော သူမပုံကိုတွေ့လိုက်ရ၍ လန့်သွားလေသည်။

"ငါ့ . . . ငါ့ပုံပဲ"

ဟု တွေဝေသွားပြီး ထိုအခွေကို စိတ်ဝင်စားသွားလေသည်။ အဖွားကြီးတစ်ယောက်ကို လမ်းဖြတ်ကူးရန် ကူညီပေးနေသည်။ လမ်းကို ဟိုကြည့် ဒီကြည့်လုပ်နေသည်။ တစ်ဖက်ကားလမ်းကို ရောက်သွားသည်။ သိပြီးသားဖြစ်သော်လည်း ထူးဆန်းနေသောကြောင့် ကြောင်ပြီးကြည့်မိနေသည်။

အဖွားကြီးက သူ့ကိုစကားပြောနေလေသည်။ ထူးဆန်းသည်ကသူနှင့်အဖွားကြီးတို့ ပြောစကားများကို ကြည်ကြည်လင်လင်ပြတ်ပြတ်သားသားကြားနေရခြင်းဖြစ်သည်။

"သမီး"

"ရှင်"





"....."

"....."

"....."

"....."

သူမမှာဘာမှမပြောနိုင်ပဲ ရိုက်ကူးထားချက်များကိုသာ တစ်ခုပြီးတစ်ခုကြည့်နေမိသည်။ အဖွားကြီး၏နောက်ဆုံးစကားပြောသံကို ကြားလိုက်ရသည်။

"ကားရပ်ကူးဖို့ စောင့်နေတုန်း အခြားလူတွေနဲ့တွေ့ပါတယ်၊ ဒါပေမယ့် သူတို့ပုံစံတွေက စိတ်ကောင်းရှိမယ့်ပုံတွေမပေါ်ဘူး၊ ဒါ့ကြောင့် အကူအညီမတောင်းရဲတာနဲ့ ရပ်နေတာ၊ အခု သမီးက ချောလည်းချောတယ်၊ မျက်နှာလေးကလည်း စိတ်သဘောထားကောင်းမယ့်ပုံစံဆိုတာသိတဲ့အတွက် အကူအညီတောင်းမိတာပါ . . . ကျေးဇူးပဲသမီး"

ထိုစကားပြောပြီးပြီးချင်း အခြားအခန်းတစ်ခန်းကူးပြောင်းသွားသည်။ မိန်းလမ်းမကြီးအတိုင်း ကောင်လေးတစ်ယောက် လမ်းလျှောက်လာနေခြင်းဖြစ်သည်။ သေချာစိုက်ကြည့်မိသည်။

"ဟင် . . . ကို . . . ကိုပါလား"

❑



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကောင်လေးနှစ်ယောက်နှင့် လမ်းမှာတွေ့နေလေသည်။ စကားအချို့ပြောနေကြသည်။ သူ့ပုံကို ကြည့်ပြီး သူမလွမ်းသလိုလို တောင်ဖြစ်လာသည်။

"ငါမသိဘူးကွ"

ကောင်လေးနှစ်ယောက်နှင့်လမ်းခွဲထွက်လာသောသူကို စိတ်ဝင်တစားနှင့်ကြည့်နေမိသည်။ ထို့နောက် သူ့ရှေ့တွင် ကောင်မလေးတစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ သူမ ရင်ခုန်သွားသည်။

Remote ကိုလည်း တင်းတင်းကျပ်ကျပ်ကိုင်ဖိလိုက်သည်။

"ကျွန်မ သချ်ာဆောင် အခန်းနံပါတ် (---/---) ကို မသိလို့ ဒီနေ့က ဖောင်တင်ရမယ့် နောက်ဆုံးနေ့ပါ"





ခုနက ကျောင်းသားနှစ်ယောက်မေးခဲ့သော အခန်းဆိုတာကို သူမ ချက်ချင်းသိလိုက်သည်။

"စာရွက်ခဏပြပါဦး"

"......"

"......"

"......"

"......"

ကောင်မလေးတစ်ယောက်နှင့် ထွက်ခွာသောသူ့ချစ်သူ နောက်ကျောပြင် အားရိုက်ထားသော ပုရိပ်ကိုကြည့်ပြီး သူမ အံ့သြနေသည်။

ခုနကကောင်လေးတွေကိုကျတော့ မသိဘူးဟု ပြောပြီး ကောင်မလေးချောချောလှလှကျတော့ သေချာလိုက်ပို့မည်ဟု ခေါ်သွားသည်။

ဘာသဘောလဲ?

ထိုသို့စဉ်းစားနေရင်းနဲ့မှ တီဗီပေါ်တွင် စာတန်းလေး တစ်ခုပေါ်လာလေသည်။

"ဟင်"

❑



www.burmeseclassic.com

www.burmeseclassic.com



ဒီထဲက တောင်လေးနဲ့ ကောင်မလေးတို့
စရိုက်မတူကြပါ
ကောင်မလေးက စိတ်သဘောထားကောင်းပြီး
တူညီတတ်တယ်။

ကောင်လေးကတော့
စိတ်သဘောထားမကောင်းဘူး

ကဲ . . . . တျန်တာလေးတွေ ဆက်ကြည့်ပါဦး



(၃)

လူတစ်ယောက်က ကီစွတစ်ခုခုကြောင့် ယခုလိုရိုက်ပို့လိုက်ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။ သို့သော် သူရဲ့ဆိုလိုရင်းကို မသိသေးသောကြောင့် အခွေကိုဆက်ကြည့်နေလိုက်သည်။

ထိုအချိန်တွင် တီဗီပေါ်၌ သူမက ကောင်မလေးနှစ်ယောက်သား အလောင်းဘုရားရဲ့ရုပ်ရည်ကိုပြောပြနေချိန်ဖြစ်သည်။

ထိုသို့ပြောပြပြီးသောအချိန်တွင် နောက်တစ်ခန်းကူးသွား၏။ သူမရည်းစားက ကောင်မလေးနှစ်ယောက်နှင့်စကားပြောနေခြင်းဖြစ်သည်။

သူမ၏စိတ်သည် ယခုအခါပုံမှန်အတိုင်း ဖြစ်နေပြီဖြစ်သည်၊ စိတ်ဝင်စားမှုတစ်ခုသာ ရင်ထဲစိုးမိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ပုဂံမှာ ဘယ်လိုလုပ်ပြီး အင်္ဂလိပ်နာမည်နဲ့ ဘုရားရှိမှာလဲ၊ ပုဂံဆိုတာ မြန်မာတွေရဲ့သမိုင်းမှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

သူ့ချစ်သူ ပြောနေသည့် စကားများကို ကြည့်ပြီး ရယ်လိုက်မိသည်။ သူပြောနေသည့် စကားတွေသည် အမှားတွေပဲဖြစ်နေသည်။ ပုဂံမှာ အင်္ဂလိပ်နာမည်နှင့်ဘုရားရှိသည်ဟု သူသိထားသောကြောင့် ဖြစ်သည်။

နာမည်မှာ စကိုဗယ်ပေါ်တော်မူဘုရားများဟူ၍ ဖြစ်သည်။ ဗြိတိသျှလက်ထက်၊ ပခုက္ကူလမ်းလုပ်ငန်းဌာနမှ အမှုဆောင်အင်ဂျင်နီယာစကိုဗယ်သည် ပုဂံရှိစေတီတစ်ဆူကို ပြင်ဆင်ရာ၌ အပြင်စေတီကို ခွာလိုက်သည်။





ထိုအခါအတွင်းမှ စေတီတစ်ဆူထွက်ပေါ်လာ၏။ ယနေ့တိုင်အဆိုပါစေတီကို "စကိုဗယ်ပေါ်တော်မူ" စေတီဟု လူအများခေါ်နေကြသေးသည်။

သူ့ကိုကြည့်ပြီး ကောင်မလေးရင်ထဲတွင် ;မနှစ်မြို့သလိုခံစားလာရသည်။ ထုံးစံအတိုင်း စာတန်းလေးတစ်တန်းပေါ်လာပြန်၏။

❑



www.burmeseclassic.com

www.burmeseclassic.com



ဒီအထဲက ကောင်မလေးက ဗဟုသုတနဲ့ပြည့်စုံတယ်
အရာရာအားလုံးကိုလည်း ထိုးထွင်းဉာဏ်ရှိတယ်

နောက်ပြီး
ဒီအထဲက ကောင်လေးက ဗဟုသုတမရှိဘူး၊
သူ့မေဂျာနဲ့ပတ်သက်
တာတောင်သိပ်မသိဘူး၊ ပြီးတော့
မသိတာကိုမသိဘူးလို့ မပြောဘူး၊ ဖောတယ်၊
ရောတယ်
မဟုတ်တဲ့စကားတွေပြောတယ်

နောက်ဆုံးတစ်ခုကို ဆက်ကြည့်ပေးပါဦး



www.burmeseclassic.com

www.burmeseclassic.com



(၄)

ကောင်မလေးတစ်ယောက်ကို မိန်းကလေးအဖွဲ့တစ်ဖွဲ့ က ဖြတ်ကျော်သွား၏။

"ခုနက အမကြီးရဲ့ မျက်လုံးတွေက လှတယ်နော်"

"အေး"

"ငါတို့လိုမိန်းကလေးတွေတောင်မှ ခဏတာလည်ပြန် ကြည့်ရတယ်"

ထိုပုံရိပ်များကို ကြည့်ပြီး ကောင်မလေးက စဉ်းစားမရ ဖြစ်နေသည်။

ဒီအခွေကို ဘယ်သူလာပေးတာလဲ ...။ ဘယ်လို အဓိပ္ပါယ်မျိုးနဲ့လာပေးတာလဲ?

ထုံးစံအတိုင်းစာတန်းလေးပေါ်လာပြန်၏။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ဒီအထဲက တောင်မလေးက ချောတယ်၊ လှတယ်
နောက်ပြီး
ဒီအထဲက တောင်လေးနဲ့တောင်မလေးတို့ရဲ့
မတူညီတဲ့
စရိုက်တိုသင်လည်းတွေ့မိမှာပေါ့
ထိုနှစ်ယောက်
ချစ်သူအဖြစ်ရပ်စဲသွားကြတာ
ဘာဆန်းသလဲ?

တောင်လေးက တောင်မလေးရဲ့ဉာဏ်ပညာ၊
အလှအပနဲ့
မတန်လို့ ကွဲကွာသွားရတာပဲ

ဒီအထဲက တောင်မလေးဆီမှာ တန်ဖိုးတစ်ခုရှိတယ်
အဲ့ဒါက ဘာလဲဆိုတော့







# စိတ်သဘောထားကောင်းခြင်းပဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုစာတန်းများ ပျောက်သွားပြီးနောက် သီချင်းလေးတစ်ပုဒ်နှင့် အင်္ဂလိပ်စာတန်းထိုးပုံပြင်လေးတစ်ပုဒ် ပေါ်လာလေ၏။

တစ်ခါတုန်းက ဘုရားသခင်သည် လူသားမိန်းမအား ဖန်ဆင်းနေစဉ်အတွင်း ၆ ရက်မြောက်နေ့တွင် နတ်သမီးတစ်ပါး ရောက်လာလေ၏။

.................................

.................................

.................................

.................................

"သူမမှာချို့ယွင်းချက်တစ်ခုရှိတယ်လို့ ပြောတယ်"

"ဘာချို့ယွင်းချက်လဲ"

"သူမဟာ သူမရဲ့တန်ဖိုးရှိတဲ့အရာတွေကို မေ့နေတတ်တယ်"

"ဟင်"

သူမသည် ထိုပုံပြင်လေးနှင့် သီချင်းကိုသာ တအံ့တဩ ကြည့်နေမိသည်။ ထို့နောက် သူမ စိတ်သည် လန်းဆန်းသွား သလို ခံစားလိုက်ရသည်။

❑





(၄)

အခန်းတစ်ခုအတွင်း၌ ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးသုံးယောက်တို့ ထိုင်နေကြလေသည်။

"ကျေးဇူးတင်ပါတယ်၊ အခု ကျွန်မတို့သူငယ်ချင်းပုံမှန်ပြန်ဖြစ်သွားပါပြီ၊ နောက်ပြီး အရင်ကထက်တောင်ပိုပြီး လန်းဆန်းသွားသလိုပါပဲ"

ယောကျ်ားလေးကတော့ ပြုံးနေလိုက်သည်။ ထို့နောက် ဗီဒီယိုကင်မရာအား ထုတ်ပေးလိုက်ပြီး . . .

"ကျွန်တော်ငှားထားတဲ့ ဗီဒီယိုကင်မရာပါ၊ ပြန်ပေးတာ"

ကောင်မလေးတစ်ယောက်က လက်ခံရယူလိုက်သည်။

နောက်ပြီး အိတ်ကပ်ထဲမှလည်း အရုပ်ကလေးတစ်ရုပ် ထုတ်လိုက်သည်။ နတ်သမီးအရုပ်ကလေးတစ်ရုပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရုပ်ကလေးကို မြရည်အတွက် လက်ဆောင်ပေး ပေးပါ၊ ကျွန်တော့်မှာက အရုပ်တွေအများကြီးရှိပါသေးတယ်"

ထိုအရုပ်ကလေးအားပေးပြီး အခန်းထဲမှ ထွက်သွား လေသည်။

လေးစားစွာဖြင့်

လူနေ





## ပရိသတ်အား အသိပေးခြင်း

ကျွန်တော်သည် ၂၀၀၇ ခုနှစ်မှစတင်၍ ပရိသတ်စိတ်ဝင်စားမည်ဟုထင်သော ဉာဏ်စမ်းလေးအချို့နှင့် ဗဟုသုတအချို့အား အချစ်နှင့်အတူ ရောနှောဖန်တီးထားသည့် ဝတ္ထုပုံစံတစ်မျိုးကို 'လူနေ' ကလောင်အမည်ဖြင့် ရေးသားလာခဲ့ပါသည်။

ယခု ၁၀ အုပ်မြောက်ခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါဝတ္ထုပုံစံအမျိုးအစားအား 'လူနေ' ဟူသော ကလောင်အမည်ဖြင့်သာ ဆက်လက်ရေးသားသွားမည်ဖြစ်ပြီး 'အခြားကလောင်ခွဲများ' ဖြင့် ၎င်းဝတ္ထုပုံစံအား လုံးဝ လုံးဝ မရေးသားပါကြောင်း ပရိသတ်အား ရိုးသားစွာ အသိပေးပါရစေ. . . .။

လေးစားစွာဖြင့်

လူနေ



www.burmeseclassic.com

www.burmeseclassic.com



- သမီးရည်းစားအချင်းချင်း ပေးလို့ရတဲ့ Certificate များ
- အနည်းငယ် ထူးဆန်းသော ရည်းစားစကားပြောနည်းများ
- သမီးရည်းစားအချင်းချင်း ဖြစ်လေ့ရှိသော တိုလီမိုလီ ဖြစ်ရပ်များ ပါဝင်တဲ့

BURMESE CLASSIC .com

# လူနေ

# သမီးရည်းစား အဘိဓာန်

အိပ်မက်အသစ်



လွန်ခဲ့သော နှစ်အနည်းငယ်က
ဘူတာလေး တစ်ခု၌
အတွဲများ အားလုံးသည်
ရထား အလာကို မျှော်နေကြ၏။
သူတို့မျှော်နေကြသည့်
ရထားသည်
တစ်စင်းထဲမဟုတ်
လေးစင်းတိတိ ဖြစ်သည်။

ဘာရထား ?
ဒီဘူတာကရော
ဘာဘူတာလဲ ?

# လူနေ

# ဘူတာကြီး

အိပ်မက်အသစ်

www.burmeseclassic.com